
စိတ်ကူးချိုချိုအနုပညာ



ဝမိုး

# ALL-ROUND ENGLISH

ကမ္ဘာသုံး
အင်္ဂလိပ်/အမေရိကန်
စာနှင့်စကား



ဒုတိယ[illegible]ကြိ

mgyoe.com

ဝမိုး

# ALL-ROUND ENGLISH

## ကမ္ဘာသုံး အင်္ဂလိပ်/အမေရိကန် စာနှင့်စကား



BM0013
2,500.00 KS

mgyoe.com

ကမ္ဘာသုံး အင်္ဂလိပ်/အမေရိကန် စာနှင့်စကား၊ ဝမိုး
စာမျက်နှာ ၁၈၀++ မျက်နှာ၊ ၁၄ · ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၈၊ ဖေဖော်ဝါရီလ၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊
၁၉၉၅ အားမာန်သစ်စာပေ၏ ပထမအကြိမ်မှ။

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကမ္ဘာသုံး
# အင်္ဂလိပ်/အမေရိကန်
# စာနှင့်စကား
# ALL-ROUND ENGLISH

## ဗမိုး

ဒုတိယအကြိမ် ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပုံပြင်ထဲက ကျီးလိမ္မာ | (က) |
| ၂။ | Yes/No နဲ့ မလုံလောက်ပါ | ၁ |
| ၃။ | Sorry ပုံစံများ | ၆ |
| ၄။ | Please and Thank you | ၈ |
| ၅။ | Welcome | ၁၀ |
| ၆။ | Thanks to . . . | ၁၂ |
| ၇။ | Thankless . . . | ၁၂ |
| ၈။ | Task, Work, Job | ၁၃ |
| ၉။ | Work | ၁၃ |
| ၁၀။ | ပြည်တွင်းအလုပ်လျှောက်လွှာ | ၁၆ |
| ၁၁။ | Essay | ၁၉ |
| ၁၂။ | စကားပြောအလေ့အကျင့် | ၂၀ |
| ၁၃။ | Pick Your Choice | ၂၇ |
| ၁၄။ | Loose-Lose | ၃၀ |
| ၁၅။ | Job Dialogue | ၃၂ |


mgyoe.com

mgyoe.com
၁၆။ Job ၄၀
၁၇။ Interview ၄၂
၁၈။ Busy? ၄၆
၁၉။ Idle/Lazy ၄၉
၂၀။ Store ၅၈
၂၁။ Shop/Shopping ၆၀
၂၂။ For Sale On sale ၆၂
၂၃။ Read the Dictionary ၆၅
၂၄။ NEW ၇၃
၂၅။ NEWS ၇၆
၂၆။ Idea Essay ၈၀
၂၇။ Electricity ၈၃
၂၈။ Video Shows ၈၆
၂၉။ စကားပြောအလေ့အကျင့် အဆင့်ဆင့် ၈၈
၃၀။ BAD ၉၆
၃၁။ Blow ၁၀၀
၃၂။ Blue ၁၀၅
၃၃။ Job Dialogue ၁၀၇
၃၄။ About ၁၁၀
၃၅။ Interview Dialogue II ၁၁၄
၃၆။ Everyday Idioms ၁၂၁
၃၇။ Ask and answer ၁၂၅
၃၈။ Idioms ၁၂၉
၃၉။ Fix ၁၃၂
၄၀။ Fit ၁၃၄
၄၁။ IDIOMS ၁၃၈
၄၂။ Holiday Dialouge ၁၄၃
၄၃။ Countable/ Uncountale ၁၄၉
mgyoe.com

mgyoe.com


၄၄။ Taking about ၁၅၄
၄၅။ Short Dialogues ၁၅၇
၄၆။ Wish ၁၆၀
၄၇။ နေရပ်နဲ့ လိပ်စာ ၁၆၉
၄၈။ နောက် အမေးအဖြေ အချို့ ၁၇၂
၄၉။ နေ့စဉ် အလေ့အကျင့်အချို့ ၁၇၄
၅၀။ အိမ်နီးချင်းနဲ့ ပတ်သက်တဲ့စကား ၁၇၆
၅၁။ မနေ့က ကိစ္စတချို့ ၁၇၈
၅၂။ အချိန်နဲ့ အမေးအဖြေ ၁၇၉
၅၃။ သိမှတ်ဖို့က ၁၈၀


■

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## အင်္ဂလိပ်စာရဲ့ စကားအလေ့အကျင့်အတွက်

ပုံပြင်ထဲက ကျီးလိမ္မာ

တွေးလို့ကောင်း

ဖတ်လို့ကောင်း

ရေးလို့ ပြောလို့လည်း အတော်ကောင်းတဲ့ ပုံပြင်ကလေးတစ်ပုဒ် ရှိတယ်။

ပူပြင်းလှတဲ့ နွေနေ့တစ်နေ့ . . .

ကျီးငယ်လေးတစ်ကောင် ရေဆာလွန်းလို့ ဟိုဟိုသည်သည် ပျံသန်းပြီး ရေရှာပါတယ်။ အတော်ကြာမှ ရေချိုင့်တစ်လုံး တွေ့ရတယ်။ ချိုင့်ထဲမှာ ရေတော့ရှိပါရဲ့၊ ကျီးငယ်လေး မမီနိုင်အောင် ချိုင့်အောက်ခြေမှာ နည်းနည်းလေးပဲ ရှိပါတယ်။

ကျီးငယ်လေး ချိုင့်ထဲကို ငုံ့ကြည့်တယ်။ သူ့နှုတ်ခမ်းနီလေးတပြင်ပြင်နဲ့ပေါ့၊ သူ ငုံ့ကြည့်နေရုံနဲ့ ရေက သူ့ဆီကို ဘယ်တက်လာမှာလဲ။

ကျီးငယ်လေးဒေါပွသွားပြီး ချိုင့်ကို သူ့နှုတ်သီးနဲ့ ရိုက်ခွဲဖို့ ကြိုးစားပါတယ်။

ဘယ်ရမှာလဲ၊ ဒါပေမဲ့ သူ စိတ်မပျက်ပါ။

ဟိုဟိုသည်သည် လှည့်ပတ်ကြည့်လိုက်ပြန်ပါတယ်။

မလှမ်းမကမ်းမှာ ကျောက်ခဲလုံးပုံတစ်ပုံ တွေ့ရပါတယ်။

ကျီးငယ်မှာ စိတ်ကူးရသွားပါတယ်။

ကျောက်ခဲလုံးတွေ တစ်လုံးပြီးတစ်လုံး ကိုက်ချီသယ်ယူပြီး ရေချိုင့်ထဲကို ပစ်ချတယ်။

mgyoe.com

mgyoe.com

ရေချိုင့်ထဲမှာ တစ်ဝက်ကျော်ကျော် ခဲလုံးတွေပြည့်လာတော့ ရေက အထက်ဆီကို တက်လာတာပေါ့။

ကျီးငယ်လေး ငုံ့ကြည့်ပြန်ပါတယ်။

ရေဆာလွန်းတဲ့အပြင် ကျောက်ခဲပုံနဲ့ ချိုင့်ဆီကိုသွားရတဲ့ ခရီးတိုလေးတွေကလည်း များလာတော့ မောလာပြီပေါ့။ သူ့ရဲ့ လျှာနီနီလေး အပြင်ဘက်ကို ထွက်လာပါတော့တယ်။

ဒါပေမဲ့ သူ့မျှော်လင့်ချက်ကို မစွန့်လွှတ်ပါဘူး။

ခဲလုံးတွေထပ်သယ်ပြီး ရေချိုင့်ထဲကို ပစ်ချပါတယ်။

ဆယ့်လေးငါးခေါက်ပဲ ဆက်သယ်ရတယ်၊ ချိုင့်အောက်က ရေဟာ ချိုင့်နှုတ်ခမ်းအထက်ကို တက်လာပါပြီ။

ကျီးငယ်လေး အားရဝမ်းသာစွာနဲ့ ချိုင့်နှုတ်ခမ်းပေါ် နားလိုက်ပါတယ်။

ပတ်ဝန်းကျင်ကို ဝင့်ကြွားစွာ သူ့ဦးခေါင်းလေး ဘယ်ညာလှည့်ပြီး ကြည့်လိုက်တယ်၊ စိတ်ထဲမှာတော့ . . .

'အရပ်ကတို့ရေ . . . ကျုပ် ရေသောက်နိုင်ပြီဗျ'လို့ ပြောနေမှာပါ။

သူဟာ တက်လာတဲ့ရေကို အကြိမ်ကြိမ်သောက်၊ ဝလာတဲ့အခါ . . .

ချိုင့်ကို တစ်လှည့်

ခဲလုံးပုံကို တစ်လှည့်စီ အပြန်အလှန်ကြည့်ပြီး . . .

'ကျေးဇူးပါ'လို့ ပြောပြီး သူသွားလိုရာကို ဆက်လက် ပျံသန်းသွားပါတယ်။

## မကြာခဏ ပြောဖြစ်နေတယ်

သည်ကျီးလိမ္မာလေးအကြောင်းကို ကြုံရာ ဆုံရာမှာ ကျွန်တော် မကြာခဏ ပြောဖြစ်နေတယ်။

တစ်ခါပြောတိုင်း အညွန့်အကွန့် တစ်ခုမဟုတ် တစ်ခုလည်း ထိုးထွက်လာတယ်။

(လက်တွေ့အားဖြင့် မယုံချင်စရာ ပုံပြင်ပမာလိုလိုနဲ့ ပြောရတာ။ တွေးရတာ၊ ရေးရတာ စိတ်အာဟာရ ဖြစ်လွန်းတယ် မဟုတ်လား။)

ကဲ . . .

အင်္ဂလိပ်လို ပြောကြည့်ရအောင်။

mgyoe.com

mgyoe.com



The summer day was hot. A thirsty little crow flew here and there looking for water.

After some time,he found a jug. Happily, he went and sat on the edge of the jug and looked into it. There was some water. But the water was at the bottom. The little crow could not reach it.

He was tired and his thirst got stronger. So he tried to break the jug with his beak. How could he?

But the crow did not give up hope. "There is water, and I must get at it." With this thought he looked about.He saw a heap of stone at a short distance from the jug.

"All right. I have an idea." He told himself and flew to the heap of stones. He picked up a stone with beak and carried it to the jug and dropped it into the bottom of the jug. He did this many times. He got tired but he was happy with the hope of getting a chance to drink the water. The water had come up. Still, it was not come up high enough for the little crow. Again, he was not sad. He picked up more stones and dropped them into the jug.

Finally, the water came up and the jug looked full to the brim with water. Happily and proudly, the little crow sat on the jug. He looked about saying in his mind.

"Look, I am going to drink water as much as I like."

Then he bent down and draw the water many times with his beak. He had enough and again he looked about.

First he looked at the heap of stones:

"Thanks dear"

Then he looked at the jug:

"Thanks dear."

So saying he flew away back to his nest.

mgyoe.com

mgyoe.com

ဒီပုံပြင်ကို ဒီလိုဖတ်ရပြီး . . .

တစ်ပါးသူကို အလွတ်ပြန်ပြောတဲ့အကျင့် လုပ်ကြည့်ပါ။

နာမ်အာဟာရ ပြည့်ဝလာပြီး စိတ်ရောကိုယ်ပါ တက်ကြွလာတတ်ပါတယ်။

တစ်ခါပြောရင် စကားလုံးတစ်မျိုး အသစ်တိုးပြီး စကားနဲ့ ဝါကျဖွဲ့စည်းပုံတွေလည်း တစ်မျိုးမဟုတ်တစ်မျိုး ပြောင်းလဲတိုးပွားလာတတ်ပါတယ်။

ဒီတော့ . . .

အင်္ဂလိပ်စာနဲ့ စကားလေ့ကျင့်ရမှာ...

ကြားဖူး၊ ဖတ်ဖူးတဲ့ ပုံပြင်တွေကို မိမိကတစ်ဆင့် ပြန်ပြောပြန်ရေးတဲ့အလုပ်ကို နာနာလုပ်ပေးပါ။

လက်လှမ်းမီရာ . . .

အင်္ဂလိပ်–မြန်မာ အဘိဓာန်နဲ့

မြန်မာ–အင်္ဂလိပ် အဘိဓာန် . . .

နှစ်ခုလုံးကို မိမိဘေးမှာ အသင့်ထားပြီး တိုးလာတက်လာတဲ့ ဝေါဟာရကို အဘိဓာန်လှန်လှောကာ ဖွေရှာမောပါ။ အရသာထူးတဲ့ အမောတွေဆိုတာ သိခံစားလာရပါလိမ့်မယ်။

## အလွယ်ဆုံး အထိရောက်ဆုံးနည်းပါ

ဒါဟာ လေ့လာသူကိုယ်တိုင် စိတ်တွေ့လက်တွေ့ ကျင့်နိုင်တဲ့ အလွယ်ဆုံး အထိရောက်ဆုံးနည်းပါ။

ပြောဖို့၊ ရေးဖို့ကို အဘိဓာန် လှန်လှောရှာဖွေတဲ့ အလေ့အကျင့်နဲ့ ဆင့်ပေးဖို့သာ လိုပါတယ်။ ဒီနည်းကို မကျင့်သုံးဖြစ်သေးသမျှ အင်္ဂလိပ်စာနဲ့ စကားတတ်မြောက်ရေးမှာ စမ်းဝါးဝါးဖြစ်နေမှာပဲ။

## အခြေအနေက

အလုပ်အကိုင်ရှာဖွေရာမှာရော . . .

စာပေအနုပညာ သုတ၊ ရသ၊ ဒဿနတွေ ရှာဖွေရတဲ့ကိစ္စမှာ

အမြန်ရှာ

အမြန်ရ

mgyoe.com

mgyoe.com



အမြန်အလုပ်ဖြစ်မှဖြစ်မယ့်အနေအထား မဟုတ်လား။
သည်အသိနိုးကြားစွာနဲ့
ကြိုးစားကြပါစို့ . . .။

ဗမိုး

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# Yes/No နဲ့ မလုံလောက်ပါ

Do you like apples?
Yes.

Do you like apples?
No.

ကြိုက်တယ်၊ မကြိုက်ပါကို Yes/No နဲ့ ပြီးပါတယ်။
ဒါပေမဲ့
Do you like mango?
Yes, I do. ဆိုတာက ပိုပြီး နားဝင်ချောတယ်၊ အလေးအနက် အဓိပ္ပာယ်ဆောင်တယ်။

Do you like Danyinthee?
တညင်းသီး ကြိုက်လား။

No, I don't.
မကြိုက်ဘူး။ စားလေ့မရှိဘူးဆိုတဲ့အထိ အဓိပ္ပာယ်ရောက်သွားတယ်။

mgyoe.com

Did you go there?
သွားခဲ့လား။

Yes, I did.
သွားခဲ့တယ်၊ ရောက်ခဲ့တယ်။

No, I didn't.
မသွားခဲ့ဘူး၊ မရောက်ဘူး။

နောက်တစ်ခုက
မေးခွန်းဟာ Yes/No ဖြေရခက်သလိုလို ရှိတယ်။

Haven't you written to Marry?
မေရီ့ဆီ စာမရေးဘူးလား။
မရေးဖြစ်သေးဘူးလား။
ရေးပါလား ဆိုတဲ့အသိ အဓိပ္ပာယ်တွေ ရှိနေတတ်တယ်။ ဒါကို Yes လို့ဖြေရင်–
'ရေးပြီးပါပြီ'ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။

Yes, I have written to her.
လို့ ဆက်ပြောလိုက်တော့ ပိုပြီး ပြည့်စုံသွားပါတယ်။ ထို့အတူ–

No, I haven't written to her.
မရေးရသေးဘူး၊
မရေးဖြစ်သေးဘူး။

Didn't the postman come?
စာပို့သမား လာသွားပလား။

Yes, he came.
ဟုတ်ကဲ့၊ လာသွားပါပြီ။

mgyoe.com

No, he didn't come.
ဟင့်အင်း . . . မလာသေးဘူး။

တခြားပုံစံတွေမှာ-

Has the postman come?
Hasn't the postman come?
Hasn't the postman come?
စာပို့သမားလာသွားပြီလား။ ဒါလောက်ပါပဲ။

Hasn't the postman come?
စာပို့သမား မလာသေးဘူးလား။

ဒါကျတော့လာချိန်မှာ ရောက်မလာသေးဘူးလားလို့ မေးတဲ့အဓိပ္ပာယ်ပါ။
တစ်ခါတစ်ခါကျတော့လည်း . . .
တိုတိုရှင်းရှင်း လိုရင်းကို Yes/No မပါတော့ဘဲ

Were you at the party last night?
ညတုန်းက ပါတီရောက်သေးလား။

I was. ရောက်ပါတယ်။
I was not. မရောက်ပါ။

တခြားနည်းတွေကတော့-

Were you at the party last night?
ညက ပါတီ ရောက်သေးလား။
Certainly. အသေအချာပေါ့။
Of course ရောက်တာပေါ့၊
ရောက်ရမယ့်ကိစ္စပဲ။

mgyoe.com

You knew the chap who's wanted in connexion with the Yin Chaung murder?

ယင်းချောင်းလူသတ်မှုနဲ့ ပတ်သက်ပြီး အလိုရှိတဲ့လူကို မင်းသိသလား/သိတယ် မဟုတ်လား။

Of course သိတာပေါ့။
(မေးစရာမလိုပါဘူး)

ဒါက အချင်းအချင်းချင်း အမေးအဖြေ။

ရဲစခန်းလို နေရာမျိုးကျတော့–
မေးခွန်းကလည်း

Do you know the man who's wanted in connection with Yin Chaung murder?

Yes, I do. လို့ အတည်အခံ့ ဖြေရပါတယ်။

အားတုံ့အားနာ

ဖြေရတာမျိုးကို မကြာခဏ ကြုံရတတ်ပါတယ်။

- Must you go now?
  သွားတော့မလား၊ ပြန်တော့မလား၊ မပြန်လို့ မဖြစ်ဘူးလား။
- I am afraid yes. / I'm afraid so.
- Do you know her? သူ့ကို သိလား။
  I'm afraid no.
  afraid = sorry

တစ်စုံတစ်ယောက်နဲ့ အကြောင်းတစ်ခုခုမှာ သဘောချင်း မတိုက်ဆိုင်တာကို ထုတ်ပြောရတဲ့အခါ အားတုံ့အားနာ သဘောပါတဲ့အနေနဲ့–

- I'm afraid I don't agree with you.

mgyoe.com

mgyoe.com

=I am sorry to say that
I don't agree with you.
ဈေးဝယ်တဲ့အခါမှာလည်း-
မေးလာတဲ့ ပစ္စည်းတစ်ခုခု မရှိတော့ကို
I'm afraid we don't have it now.
အားနာလိုက်တာ – ပစ္စည်း အခုမရှိတော့ပါဘူး။

- I'm sorry to say that we don't have it now.
ရုံးခါများစွာမှာ ဖြေရမှာ အားနာတာကို လေသံပျော့ပျော့နဲ့ I'm afraid...
လို့ စကားစလိုက်တာနဲ့ လုံလောက်သွားတတ်ပါတယ်။

■

mgyoe.com

mgyoe.com

# Sorry

(၁) တစ်ခုခု  မလုပ်မိ
မပြောမိ
မလုပ်/မပြော ဖြစ်တာကို တောင်းပန်စကား ပြောတဲ့အခါ–

I'm sorry (that) I forget to return your book.
(sorry ကို ဝမ်းနည်းပါတယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့ချည်း မတွေးနှင့်မသုံးနှင့်)
'တောင်းပန်ပါတယ်'ဆိုတဲ့ အဓိပ္ပာယ်။
စာအုပ်ပြန်ပေးဖို့ မေ့သွားခဲ့တာ တောင်းပန်ပါတယ်လို့သာ ပြောသင့်တယ်။
စိတ်မကောင်းပါဘူး/ဝမ်းနည်းပါတယ်လို့ မပြောသင့်ဘူး။

(၂) တစ်စုံတစ်ယောက်ကို လန့်အောင် နှုတ်ဆက်မိ/ပြောဆိုမိသွားတဲ့အခါ–
Did I give you a fright? I'm sorry.
လန့်သွားအောင် လုပ်လိုက်မိသလား၊ တောင်းပန်ပါတယ်။

(၃) တစ်စုံတစ်ယောက်ဘက်က ဝင်ရောက် တောင်းပန်ပေးချင်တဲ့အခါ–
- I think he's really sorry for his bad behaviour.

mgyoe.com

mgyoe.com

သူ့ရဲ့ မကောင်းတဲ့အပြုအမူအတွက် သူတောင်းပန်ချင်နေတယ်လို့ ကျွန်တော် ထင်ပါတယ်။ စိတ်မကောင်းဖြစ်နေတယ်လို့ ကျွန်တော် ထင်ပါတယ်။

- I'm sure you were sorry to hear about his death.
  သူသေတယ်လို့ ကြားရတာကို ခင်ဗျား စိတ်မကောင်းဖြစ်မယ်ဆိုတာ သေချာပါတယ်။

= a sorry state of affairs.
  ကျေနပ်စရာမရှိတဲ့ အခြေအနေ

= The bus system is still in a sorry state of affair.
  ဘတ်စ်ကားပြေးဆွဲနေတဲ့ စနစ်ကတော့ မကျေနပ်စရာအခြေအနေမှာ ရှိဆဲပါပဲ။

- The bus system is still unsatifactory/poor.
  တောင်းပန်ပါတယ်/စိတ်မကောင်း ဖြစ်ပါတယ်။

- Did I tread on your toe? Sorry.
  ခင်ဗျား ခြေဖျားကို ကျွန်တော်/ကျွန်မ နင်းမိသွားပါသလား၊ တောင်းပန်ပါတယ်။

- Sorry, what did you say?
  ပြောလိုက်တာ မသဲကွဲလို့ ပြန်ပြောနိုင်မလား ခင်ဗျား။

= I beg your pardon, what did you say?
- I beg your pardon?
- သနား၊ ကရုဏာဖြစ်မိပါတယ်။
- I'm sorry for that poorman.
  ထိုလူအတွက် စိတ်မကောင်းဖြစ်မိပါတယ်။

mgyoe.com

mgyoe.com

ဟိုလူ့ကို သနားမိပါတယ်။
= I feel really sorry for that poorman.
- အားတော့နာပါရဲ့။

(a) Sorry to disturb you, could I speak to you for a moment?
နှောင့်ယှက်သလို ဖြစ်နေမလား၊ ကျွန်တော် ခင်ဗျားနဲ့ ခဏလောက် စကားပြောလို့ရမလား။

(b) Sorry to tell you, I must go now.

**PLEASE and THANK YOU**

- လိုရာတစ်ခုခုရဖို့အတွက် ယဉ်ကျေးစွာ
Could I have some more please?
ကျေးဇူးပြုပြီး နည်းနည်းလောက် ထပ်ရဦးမလား၊ ထပ်ပေးနိုင်ဦးမလား။

ဧည့်ခံပြုစုကျွေးမွေးရာမှာလည်း
Would you like some drink?
တစ်ခုခုသောက်ပါလား၊ သောက်မလား။

Yes, please. ဟုတ်ကဲ့...ကျေးဇူးပြုပါ။

- အမိန့်ပေးတာမျိုးကို ယဉ်ကျေးစွာ
(a) Stand over there. (order)
ဟိုမှာရပ်ပါ။
Please stand over there.

(b) Come this side.

mgyoe.com

mgyoe.com

This side, please.
ကျေးဇူးပြုပြီး ဒီဘက်ကိုလာပါ၊ ဒီဘက်က ဝင်ပါ/ထွက်ပါ။
Thank you ပါ/ Thanks you မဟုတ်ပါ။
Thanks မှာ s မပါရပါ။

- ကျေးဇူးတင်ပါတယ်ကို
Thank you.
Thank you very much.
you မပါရင်
Thanks very much.
Thanks a lot.
ကျေးဇူးများစွာတင်ပါတယ်။

ဝါကျပြည့်များနှင့်
Thank you for coming,
လာတဲ့အတွက် ကျေးဇူးတင်ပါတယ်။
Thank you for having me.
လက်ခံတွေ့ဆုံတဲ့အတွက်–
အချိန်ပေးစကားပြောတဲ့အတွက်–
ကျေးဇူးတင်ပါတယ်။
Thank you = Yes, please
တစ်ခုခုသောက်မလား။
ထပ်ယူပါဦးလား...ဆိုတာတွေကို သဘောတူရင်/ထပ်ယူမယ်၊ သောက်မယ်
ဆိုရင်–
Would you like some potatoes?
Thank you./ Yes, please.
မယူချင်ရင်–
No, thank you.

mgyoe.com

mgyoe.com

## YOU'RE WELCOME

တစ်ပါးသူကို မိမိက တစ်ခုခုပေးလို/လုပ်ပေးလို သူက ကျေးဇူးတင်စကား ဆိုလာရင်–

Thanks so much for leading the book.
စာအုပ်ငှားလိုက်တာ ကျေးဇူးများစွာတင်ပါတယ်။

You're welcome. (အမေရိကန် အသုံးအနှုန်းပါ)
That's all right.
That's OK.

## WELCOME

- She will make you welcome.
  ခင်ဗျားလာတာကို သူမ ဝမ်းသာမှာပါ။

- He's a welcome visitor to our house.
  ကျွန်တော့်အိမ်ဟာ သူ့အတွက် စားအိမ်သောက်အိမ်ပါပဲ။

- The extra money was very welcome.
  ငွေပိုရတာ အတော်စိတ်ချမ်းသာသွားတယ်။

- ကြိုဆိုစရာ စိတ်ချမ်းသာမှုပါ။
  The holiday made a welcome change.
  ရက်အားရလိုက်တာ စိတ်ချမ်းသာရတဲ့ အပြောင်းအလဲပါ။
- ဖော်ဖော်ရွေရွေ ကြိုဆိုခြင်း။

  We were given a warm welcome.

mgyoe.com

mgyoe.com

- ကြိုဆိုပါ၏။
  Welcome to Myanmar.

- နှစ်လိုစရာ ဖော်ရွေလှသောအပြုံး။
  The hosts stood at the door with welcoming smiles.
  အိမ်ရှင်တွေ/အလှူရှင်တွေ တံခါးဝမှာ ဖော်ရွေတဲ့အပြုံးတွေနဲ့ ရပ်နေကြပါတယ်။

- ကြည်ဖြူစွာ လက်ခံတယ်။
  I was welcomed into the group.
  သူတို့အုပ်စုထဲကို ကျွန်တော့်ကို ကြည်ဖြူစွာ လက်ခံကြပါတယ်။

- ကြိုက်သလောက် နေနိုင်ပါတယ်။
  You're welcome to stay as long as you like.
- ကျေးဇူးတင်ဖို့ မလိုပါ။
  "Thanks"
  "You are welcome." (American)

■

mgyoe.com

mgyoe.com

## THANKS TO . . .

- Thanks to the rising prices, he's working hard now.
  ကုန်ဈေးနှုန်းကျေးဇူးကြောင့် ခုဆိုရင် သူ အလုပ်အတော်လုပ်နေပြီ။

- Thanks to the weather, we had a nice trip.
  ရာသီဥတု (ကောင်းလို့) ကျေးဇူးကြောင့် တို့ခရီး သာယာပျော်ရွှင်စရာ ဖြစ်ခဲ့တယ်။

(thanks to = because of)

**THANKLESS . . .**

- အကျိုးပြုဖြစ်ပေမဲ့ ဘယ်သူမှ ကျေးဇူးမတင်သော . . .

We need taxes for education, health and general welfare purposes. But, taxation is a thankless task.

ပညာရေး၊ ကျန်းမာရေးနဲ့ အထွေထွေ အကျိုးပြုလုပ်ငန်းတွေအတွက် အခွန်ငွေတွေ လိုတယ်၊ ဒါပေမဲ့ အခွန်ကောက်တဲ့အလုပ်ဟာ ဘယ်သူမှ ကျေးဇူးမတင်တဲ့ အလုပ်ပဲ။

mgyoe.com

## TASK, WORK, JOB

Task - ခက်ခဲတဲ့တာဝန်
Work - အလုပ် (အထွေထွေအဓိပ္ပာယ်)
mental work ဉာဏအလုပ်
physical work ကာယအလုပ်
Job - ကြေးစား – လက်ခစားအလုပ်၊
နေ့စဉ်လုပ်ရတဲ့ ကြေးစားအလုပ်
shore job - ရရာကြေးစားအလုပ်၊
(မြေပြင်/ကုန်းပေါ်မှာ လုပ်ရတဲ့ အထွေထွေအလုပ်)
Job - daily work or employment
task - a piece of hard work,
a duty that must be done.
work - ၁။ effort to make something တစ်ခုခုပြုလုပ်ဖို့ ကြိုးပမ်းမှု
၂။ employment ကြေးစားအလုပ်
၃။ product ထုတ်လုပ်ပစ္စည်း
၄။ works လက်ရာများ၊ ပြုစုပြီးခဲ့သည်များ
U Pon Nya's works - ဦးပုညလက်ရာများ။

## WORK

ထူးခြားတာတွေရှိတယ်။

(၁) He works hard.
သူ အလုပ်ကြိုးစားတယ်၊ ပင်ပန်းခံလုပ်တယ်။
He works his children hard.
သူ ကလေးတွေကို ပင်ပင်ပန်းပန်း လုပ်ခိုင်းတယ်။

(၂) Works - လုပ်ငန်းများ၊ Steel works သံမဏိလုပ်ငန်းများ၊
လက်ရာများ။

mgyoe.com

 mgyoe.com 

Complete works of Shwe U Daung.
ရွှေဥဒေါင်းရေးခဲ့တဲ့ စာများအားလုံး။

(၃) လုပ်ငန်းရှိတဲ့နေရာ၊ ရုံး၊ စက်ရုံ။
Everyday we leave work at 4:30 pm.
နေ့စဉ်အလုပ်မှ ၄း၃၀ ပြန်ကြတယ်။

**WORK** (ကြိယာ)
Is he working now?
၁။ (က) သူ အခုအလုပ်လုပ်နေပြီလား။
(ခ) သူ အလုပ်ရှုပ်နေလား၊ မအားဘူးလား။

၂။ Can you work this machine?
Do you know how this machine work?
ဒီစက်ကို မင်းလုပ်တတ်သလား၊ ကိုင်တတ်သလား။

၃။ အလုပ်ဖြစ်မယ်ဆိုရင် ချမ်းသာပြီ။
- If my scheme works we'll be rich.
- If my scheme is successful, we'll be rich.

၄။ She worked her way through college.
မိန်းကလေး အလုပ်လုပ်ရင်း ကောလိပ်တက်ခဲ့တယ်။ ခက်ခက်ခဲခဲနဲ့ ဘွဲ့ယူခဲ့ရတယ်။

၅။ The computer is in working order.
ကွန်ပျူတာ ကောင်းစွာ လည်ပတ်နေတယ်၊ သုံးလို့ရတယ်၊ မပျက်ပါဘူး။

mgyoe.com

## PHRASES

He is writing a novel and he likes to be at work by eight o'clock every morning.

သူ ဝတ္ထုရှည်ရေးနေတာ မနက် ၈ နာရီဆိုရင် စပြီ။

works of art - အနုပညာလက်ရာ ပန်းချီ၊ ပန်းပု၊ ကဗျာ၊ ရုပ်ရှင်ကား။

## WORK OFF

အလုပ်နှင့် ဖျောက်ဖျက်သည်၊ ကုစားသည်။

He worked of his anger by running round the garden six times.

သူ ဥယျာဉ်ကို ခြောက်ပတ်ပြေးပြီး ဒေါသကို ဖျောက်လိုက်တယ်။

## WORK OUT

(၁) အဖြေမှန်ရအောင် တွက်ချက်သည်၊ စဉ်းစားသည်။

I can't work how many should be left.

ဘယ်လောက်ချန်ရမယ်ဆိုတာ တွက်လို့မရဘူး။

(၂) ကာယလေ့ကျင့်ခန်း လုပ်သည်။

work-out - ကာယလေ့ကျင့်ခန်း (n)

## WORK UP

He worked himself up into a fury.

သူပြောရင်း ဒေါသကြီးလာတယ်။

Don't get so worked-up.

ဒါလောက်လည်း ဒေါသမကြီးပါနဲ့။

I just can't work up any energy today.

ဒီနေ့ ငါ အလုပ်ကို အားရပါးရလုပ်လို့ မရဘူး။

mgyoe.com

 mgyoe.com 

**WORK UP TO**

Work up to the diffcult exercise gradually.

လေ့ကျင့်ခန်းတွေ တဖြည်းဖြည်း လုပ်သွား၊ ခက်တဲ့အပိုင်းတွေ လုပ်နိုင် လုပ်တတ် လာမယ်။

work wonders - အံ့သြလောက်အောင် ကောင်းတယ်။

The pills worked wonders on stomachache.

ဒီဆေးလုံးတွေ ဗိုက်အောင့်တာကို အံ့သြလောက်အောင် ပျောက်စေတယ်။

ပြည်တွင်း အလုပ်လျှောက်လွှာ

စတိုးဆိုင်တွေ၊ ကုမ္ပဏီတွေနဲ့ အသစ်ဖွင့်လှစ်ခွင့်ရတဲ့ လုပ်ငန်းတွေမှာ–

– အရောင်းစာရေး

– အထွေထွေလက်ထောက်

– အလုပ်သင် . . .

စသဖြင့် လူငယ်မောင်မယ်များစွာကို ရံဖန်ရံခါ ဖိတ်ခေါ်တတ်ပါတယ်။

ဆယ်တန်းအောင်က စပြီး ဘွဲ့ရအထိ ပညာအရည်အချင်း သတ်မှတ်ထားတယ်။

လိုသလို အလိုက်သင့် လျှောက်လွှာရေးနည်း တစ်ခုပေးလိုက်ပါတယ်။

From

Maung/ Ma........
No. 555, Main Road,
..............Myo.

Date..............

To

Manager
Shwe Stores/Company
..............Myo.

Subject: Application for a Job.

mgyoe.com

mgyoe.com

Sir,

I beg to apply for the post of a sales assistant in your stroes/ company.

I am a Myanmar Buddhist. I am 23 years old.

I have passed the Tenth Standard Examination.

Now I am living with my parents.

I like the job of an assistant in a store.

I love serving the customers.

I am in sound health.

I am prepared to work hard to your satisfaction.

Thanking you,
Yours obediently,
(..................)

ဒီထက်ပိုပြီး အချက်အလက်တွေ ထည့်ပေးဖို့ မလိုပါ။ လွယ်လွယ်ရှင်းရှင်း ရေးတတ်အောင် ကူးရေးလေ့ကျင့်ပါ။

ပထမဆုံးဝါကျ–

I beg to apply for the post of sales assistant.

Sale assistant - အရောင်းစာရေး

assistant - လက်ထောက်/အကူအလုပ်သမား တစ်ခုခုရေးပါ။

Stores သို့မဟုတ် Company

I am a Myanmar Buddhist.

ကျွန်တော်/ကျွန်မသည် မြန်မာဗုဒ္ဓဘာသာ ဖြစ်ပါသည်။

I am 23 years old.

ကျွန်တော်/ကျွန်မ အသက် ၂၃ နှစ် ရှိပါပြီ။

mgyoe.com

 mgyoe.com 

အလုပ်ခေါ်တဲ့ စတိုးတွေ၊ ကုမ္ပဏီတွေက အသက်ကို တိတိကျကျ ကန့်သတ်ကြော်ငြာလေ့ရှိတယ်။ ဒါကြောင့် မိမိရဲ့အသက်ကို ဖော်ပြရမယ်။

ပညာအရည်အချင်းလည်း ဖော်ပြဖို့လိုပါတယ်။

I have passed the Tenth Standard.

ကျွန်တော်/ကျွန်မ ဆယ်တန်းအောင်မြင်ပြီးပါပြီ။

အင်တာဗျူးအတွက် စဉ်းစားနိုင်ဖို့ ပညာအရည်အချင်းနဲ့ အသက်ဖော်ပြပြီးရင် နေထိုင်ရာကို ဖော်ပြရပါတယ်။

Now I am living with my parents.

ယခု ကျွန်တော်/ကျွန်မ မိဘများနဲ့ နေထိုင်လျက် ရှိပါတယ်။

assistant in a store.

အစား

I like working in a store.

လို့ ပိုပြီး လွယ်တဲ့ဝါကျနဲ့ ရေးနိုင်ပါတယ်။

I love serving the customers.

ဖောက်သည်များ လိုရာကို လုပ်ကိုင်ပေးရတာကို သဘောကျပါတယ်။

I am in sound health.

ကျွန်တော်/ကျွန်မ ကျန်းမာရေး အထူးကောင်းပါတယ်။

| | | |
|---|---|---|
| I am prepared to | – | အသင့်ရှိပါသည် |
| to work hard | – | အလုပ်ကြိုးစားရန် |
| to your satisfaction | – | လူကြီးမင်းကျေနပ်အောင် |
| Thanking you | – | ကျေးဇူးတင်လျက် |
| Yours obediently | – | (ပုံစံကိုကျက်မှတ်ထားပါ။) |

■

mgyoe.com

mgyoe.com

# ESSAY

There is work to be done in many ways. And some where there is the right kind of work for you.

If you have not discovered your ideal job of work, lose no more time before you find it and then do it with a will.

If you do not like working in an office, if you do not like a salary job, by all means get out and do something in your liking.

Perhaps you want to be a commericial traveller, start at the first opportunity.

Good salesmanship demands a suitable personality, a special technique, a fair knowledge of psychology, an undefeatable spirit, good health and above all good will.

There is work to be done in many ways.

လုပ်စရာအလုပ်တွေ နည်းမျိုးစုံရှိပါသည်။

somewhere - တစ်နေရာရာမှာ

the right kind of work for you.

သင့်အတွက် သင့်တင့်လျောက်ပတ်သောအလုပ်

mgyoe.com

discovered - ရှာဖွေတွေ့ရှိ
ideal job - အကြိုက်ဆုံး/အလိုက်ဖက်ဆုံး အလုပ်
lose no more time - အချိန်ဖြုန်းမနေနှင့်၊ အဆုံးရှုံး မခံနှင့်တော့။
and do it with a will. စိတ်ခိုင်ခိုင်နဲ့ တအား ကျိုးလုပ်ပေရော့။
salary job - လခစားအလုပ်
by all means get out - ရတဲ့နည်း ဖြစ်တဲ့နည်းနဲ့ ထွက်ပါ။
do something in your liking( = do something you like) သင်ကြိုက်တာ တစ်ခုခုလုပ်ပါ။
commercial traveller - အရပ်တကာ လှည့်လည်ရောင်းသူ
start at the first opportunity အခွင့်အလမ်းရတာ ချက်ချင်းလုပ်ပါ။
good salesmanship - အရောင်းဈေးသည်ကောင်းဆိုသည်မှာ
demands - မရှိမဖြစ် လိုအပ်သည်
suitable personality - သင့်လျော်သော ကိုယ်နှုတ်အမူအရာ
special technique - အထူးနည်းပရိယာယ်
a fair knowledge of psychology - လူ့စိတ်ကို သိတတ်ခြင်း
undefeatable - အရှုံးမပေး၊ အညှံ့မခံစိတ်ဓာတ်
above all - အားလုံးထက် ပိုပြီးတော့
good will - စေတနာ။

စကားပြော အလေ့အကျင့်

**ON THE PHONE**

Mayfair ကို ဖုန်းဆက်မယ်။
Mayfair 3047
မေဖဲယား တစ်ယောက် (ညှိ့ကြို) လူးတယ်။

mgyoe.com

Mayfair three-O-four-seven
(ဒီလို မိမိနံပါတ်ကို ရွတ်ပြီး ထူးတဲ့အခါ ပီသရမယ်)

Can I speak to Kathy, Miss Cathy, please?
speaking (ပြောနေပါတယ်)

Good morning. This is Tun speaking.
'ထွန်း' ပြောနေပါတယ်။

Yes, Tun, anything?
Well, just to say hallo- Eh...to know how you're getting on with your video venture.
ဗွီဒီယိုလောကထဲ ဝင်လိုက်တာ ဘယ်လိုလဲလို့ သိချင်လို့ပါ။

Oh, very exciting.
ဟာ...သိပ်စိတ်လှုပ်ရှားရတာပဲ။

You know, May May doesn't approve of it.
မေမေ သဘောမတူဘူးလေ။

But the, you must work- have a work to be able to stand on your own feet.
အလုပ်လုပ်ရမယ်၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ရတော့မယ်။

You're right. Wish you the best luck
အေး...ဟုတ်တယ်၊ ကံအများကြီး ကောင်းပါစေကွာ။

Thank you, I need it.
ကျေးဇူးပါ။

mgyoe.com

mgyoe.com

(I need it ဆိုတာက 'ပေးတဲ့ဆုနဲ့ ပြည့်ပါစေ'လို့ ဆိုလျော်အောင် အဓိပ္ပာယ် ယူနိုင်ပါတယ်။)

ကိုယ်ဆက်တဲ့လူနဲ့ တိုက်ရိုက်တိုးပြီး အထက်ကအတိုင်း ပြောဖြစ်သွားတာရှိသလို တခြားလူကဖြေပြီး ဆိုင်တဲ့လူကို ခေါ်ပေးတာရှိတယ်။

Whiteball 6822 six
eight
double-two

Can I speak to Mr. Brown please? Just a moment, please.
ကျေးဇူးပြုပြီး ခဏစောင့်ပါ/ကိုင်ထားပါ။

I'll put you through.
ခေါ်တဲ့နံပါတ်ကို ဆက်သွယ်ပေးပါမယ်။

Mr Brown ဆီကို ခေါ်သံရောက်သွားတဲ့အခါ သူက–
Hallo, Brown here.
ဟလို Brown ပြောနေပါတယ်။
ဒါဆိုရင် ဆက်ပြောနိုင်ပါပြီ။

**အသံ**

Paddington 6629
Caller ခေါ်သူ
I wonder if I could speak to Mary Kyaw, please?
(I wonder if I could speak - ရှည်လျားနေရင် can I speak ဆိုလည်း ပြီးပါတယ်။)

**အသံ**

I'm afraid she's not just now.
သူ အခုမရှိပါဘူး။

mgyoe.com

mgyoe.com

(I'm afraid က အားတုံ့အားနာဖြစ်တဲ့သဘောပါ)
အခု မေရီကျော်အိမ်မှာ မရှိတော့ ခေါ်သူက သူမှာကြားလိုတာရှိရင် . . .

ခေါ်သူ

Oh, well, could you give her a message please.
သူ့ကို တစ်ခုပြောပေးပါ။

Would you tell her that Georgie called.
ဂျော်ဂျီ ဖုန်းဆက်တယ်လို့ ပြောပေးပါ။

and that I'm very sorry I can't come to her dinner- party tomorrow.
ကျွန်တော် မနက်ဖြန် ညစာစားပွဲ မလာနိုင်ပါဘူး၊ ဝမ်းနည်းပါတယ်လို့ ပြောပေးပါ။

အသံ

Yes, I'll tell her.
ဟုတ်ကဲ့ . . . ပြောပေးပါ့မယ်။

What was the name please?
နာမည်က ဘယ်သူ . . .

ခေါ်သူ **Georgie**

အသံ

Would you please repeat that?
ထပ်ပြောပါဦး။
Georgie G-E-O-R-G-I-E.
(တစ်လုံးစီ ပီပီသသ ပြောပါ)
All right Georgie.
(Thank you, Good bye)

mgyoe.com

mgyoe.com

## နံပါတ်မှား (Wrong Number)

Voice - Hello

Tun - Could I speak to Kathy Oo, please?
ကေသီဦးနဲ့ ပြောချင်လို့ပါ/ ပြောပါရစေ။

Voice - Kathy Oo?
ကေသီဦး

There's no Kathy Oo here.
ဒီမှာ ကေသီဦး မရှိပါဘူး။

I'm afraid you've got the wrong number.
နံပါတ်မှားနေပါတယ်။

(You've got the wrong number အစား I'm afraid, wrong number ခပ်တိုတိုပြောလို့ ဖြစ်ပါတယ်။)

Tun - Oh, I'm so sorry.
(so sorry အများကြီး ဝမ်းနည်းပါတယ်)

Voice - That's all right.
ကိစ္စမရှိပါဘူး/ ရပါတယ်။

တယ်လီဖုန်း ဝေါဟာရအချို့

I'll phone you.
မင်းကို ကိုယ်ဖုန်းဆက်တယ်။

I'll ring you.
I'll phone you up.

mgyoe.com

mgyoe.com

I'll ring you up.
I'll call you up.
I'll give you a ring/ a call.

* စကားပြောဆိုပြီး တယ်လီဖုန်းချမယ်ဆိုရင်
ring off

* နောက်မှ ပြန်ခေါ်မယ်။
I'll ring back later.

* တယ်လီဖုန်းရှိတယ်။
I'm not yet on the phone.

Oh, I'm on the phone.
Here's my number.
ကျွန်တော် တယ်လီဖုန်းရှိတယ်။ နံပါတ်က...

When you ring, say good bye.
(Goodbye ကို သိသူ မသိသူ မခွဲခြားဘဲ သာမန်သုံးတယ်)
ခင်မင်သူချင်းကျတော့ စကားပြောပြီးတဲ့အခါ So long/ Bye/ Bye For Now တွေထွက်လာသလို ပြောတတ်ကြတယ်။
(ပြောရင်း တတ်သွားမှာပါ၊ အလိုအလျောက် သိမှတ်နိုင်ဖို့သာ လိုပါတယ်၊ ပြောဖို့ကြုံကြိုက်တိုင်း ပြောဖြစ်အောင် ပြောပါ၊ နားထောင်တာလောက်နဲ့ ရပ်တန့်မနေပါနှင့်။)

ခဏလေးစောင့်ပါ

Just a minute.
Just a moment, please.
hold/ hang on a minute.

mgyoe.com

mgyoe.com

**A Telephone Conversation**

Ruby Guest House 34567

ပတ္တမြားဧည့်ရိပ်သာ ၃၄၅၆၇

Caller - Can I speak to Mary please?

*Speaking*

Caller - Good Morning.
Hello, Mary, Tommy here.
ခေါ်သူရဲ့ နာမည်က တော်မီ၊ သူ နယ်ကိုပြောနေတယ်။

- We're having a little party at my place next Friday.
- I wonder if you and your sister would care to come.
- You know, Po Toke just back from Honolulu. He's asking about you all. He'll be very glad to see you again.

Mary - That sounds very nice.
Tell Po Toke we'll join you.
What time Friday?

Caller - We'll start at 7 in the evening.
But you can come a little earlier, if you are free. And we can have a nice chat.

Mary - Thanks, Goodbye for now.

Tun - By the way, what are you doing tomorrow afternoon?

Lu Lu - Nothing special as for as I know.

Tun - Well, could you care to see a boat race?

Lu Lu - Thanks, I'd love to (I would love to)

Tun - Fine. I'll come round and pick you up at your hotel.

mgyoe.com

mgyoe.com

**Pick your choice (ကြိုက်တာယူ)**

ရှေ့က ဖုန်းစကားပြောထဲမှာ

I'll pick you up... မင်းကို တို့လာခေါ်မယ်၊ ကားနဲ့လာကြိုမယ်လို့ တွေ့ခဲ့ရပြီ။

pick... အသုံးတည့်လှတဲ့ စာ စကားတစ်လုံးပါ။

- pick your choice ကြိုက်တာယူပါ။
ရွေးချယ်စရာတွေ အများကြီးပါ။

ဒါကို ခုလို တစ်မျိုးပြောနိုင်သေးတယ်။
Pick the one you like best.
အကြိုက်ဆုံးကို ရွေးပါ။

- pick ရဲ့ မူရင်းအဓိပ္ပာယ်တစ်ခုရှိတယ်။
'ပန်းခူးသည်'ပါ။
The girl sat on the grass and picked flowers.

= သော့ဖွင့်တယ်။
When she found she had lost her key, she picked the lock with a hair-pin.
သော့ပျောက်သွားလို့ ဆံညှပ်နဲ့ သော့ဖွင့်တယ်။

= အကောင်းဆုံး။
Take your pick. လိုချင်တာ ကြိုက်တာယူ
These grapes are the pick of the bunch.
ဒီစပျစ်သီးတွေဟာ သူတို့အခိုင်ထဲက အကောင်းဆုံးတွေပဲ။
pick = pocket ခါးပိုက်နှိုက်။

mgyoe.com

mgyoe.com

- pick-up (၁) ခရီးတိုဝန်ဆောင် လေးဘီးငယ်။
(၂) ဓာတ်စက်အပ်ခေါင်း။

- You might be able to help me with this problem-can I come and pick your brains for a minute.
ဒီပြဿနာ မောင်ရင် ကူရှင်းပေးနိုင်မယ် ထင်ပါတယ်။ တစ်မိနစ်လောက် ကိုယ် မင်းဆီလာမယ်၊ မင်းဦးနှောက်နဲ့တွေးပေးစမ်းပါ။

- I've said what I have to say, **don't pick holes**
ပြောဖို့ရှိတာ ပြောတတ်သလောက် ပြောပြီးပြီ။ ဝေဖန်ချင်တဲ့စိတ်နဲ့တော့ အပြစ်မရှာနဲ့တော့။

- Why do they always pick in me to do the washing-up?
ဆေးဖို့ ကြောဖို့ဆို/မနှစ်မြို့စရာအလုပ်ဆို ငါ့ကိုချည်း အမြဲတမ်းလွှဲချကြတယ်၊ ဘာကြောင့်လဲ။

- There they are, **don't pick a fight,** please.
ထိုမှာ သူတို့လာနေပြီ၊ ရန်မဖြစ်ပါနဲ့။

- pick up speed
The car picked up speed as it ran down the hill.
တောင်ကုန်းအဆင်းပြေးရင်း ကားအရှိန်ရသွားသလို ပိုပြီး မြန်သွားတယ်။

- Don't lose heart. you'll pick your way.
စိတ်မလျှော့နဲ့၊ သွားတတ်လာတတ်/နေထိုင်ပေါင်းသင်း လှုပ်ရှားတတ်သွားမှာပါ။

mgyoe.com

## Phrases with PICK UP

- I never studies Italian- I just picked it up when I was in Italy.
  အီတလီစကား မသင်ခဲ့ရပါဘူး၊ အီတလီမှာတုန်းက ပြောရင်းဆိုရင်း တတ်သွားတာပဲ။

- I'll pick you up at the air-port and drive you to the hotel.
  ငါ မင်းကို လေဆိပ်မှာ လာကြိုပြီး ဟိုတယ်ကို မောင်းပို့မယ်။

- I picked up a bargain at the shops today.
  ဒီနေ့ပစ္စည်းဝယ်တာ ဈေးပေါပေါနဲ့ တိုးခဲ့တယ်။

- He feel over and picked himself up again.
  သူလဲကျသွားပြီး သူ့ဟာသူ ပြန်ထခဲ့တယ်။

- Keep it ready. I'll pick it up on my way home this evening.
  အသင့်လုပ်ထားပေးပါ၊ ဒီညနေအိမ်အပြန်မှာ ဝင်ယူမယ်။

- Could you pick up the broadcast last night?
  မနေ့ညက အသံလွှင့်သွားတာ ဖမ်းလို့ရလား။

- We lost his trail but up again later.
  ကျွန်တော်တို့ သူ့ခြေရာပျောက်သွားတယ်၊ နောက်မှ အစပြန်ကောက်လို့တယ်။ ပြန်မိသွားခဲ့တယ်။

■

mgyoe.com

mgyoe.com

# LOOSE - LOSE

အသုံးများတယ်

loose-adjective - စုစည်းမထား၊ ချုပ်နှောင်မထားလို့ လွတ်နေ သော။
loose sheet - (ဗလာစာအုပ်ထဲက စာရွက်မဟုတ်) အလွတ်စာရွက်။ (အဝတ်အထည်) သိပ်မကျပ်သော၊ ချောင်သော၊ ပြုတ်လုနီးပါးဖြစ်နေ သော။

This button is loose.
ဒီကြယ်သီးပြုတ်တော့မယ်။

စရိုက် - loose character
စည်းကမ်းမဲ့သော၊ အကျင့်စာရိတ္တ မကောင်းသော။
loose (verb) - ပျောက်ဆုံးသည်၊ ရှုံးသည်။

**lose-lost-lost**

- He has lost his pocket dictionary.
သူ့အိတ်ဆောင် အဘိဓာန် ပျောက်သွားတယ်။

mgyoe.com

When did he lose it?
ဘယ်တုန်းက ပျောက်သွားတာလဲ။
He does not remember.
သူ မမှတ်မိတော့ဘူး။

- He lost his brother last year.
မနှစ်က သူ့ညီဆုံးသွားတယ်။
Did you go to the funeral?
အသုဘ သွားသေးလား။
I did.
သွားခဲ့ပါတယ်။

- The ship was lost in the storm.
သင်္ဘောမုန်တိုင်းမိပြီး လမ်းကြောင်း ပျောက်သွားတယ်။
Then?
ဒီနောက်ကော။
After a week, a rescue ship found it.
တစ်ပတ်ကြာတော့ ကယ်ဆယ်ရေးသင်္ဘောနဲ့ တွေ့သွားတယ်။

- He always loses at Che.
သူ ချဲထီ ဘယ်တော့မှမပေါက်ဘူး၊ ရှုံးတယ်။
Why dosen't he stop?
သူ ဘာလို့မရပ်သေးတာလဲ။
Poor fellon, he has nothing else to do.
သနားစရာသတ္တဝါ၊ သူ့မှာ တခြားလုပ်စရာ မရှိဘူး။
He has lost his way in life.
သူ့ဘဝမှာ လမ်းပျောက်နေပြီ။
But he is still very young, plenty of time a head.
သူ အသက် အတော်ငယ်သေးတာပဲ၊ ရှေ့မှာ အချိန်အများကြီး ရှိပါသေးတယ်။

mgyoe.com

mgyoe.com 

Right, I'll tell him.
ဟုတ်တယ်၊ သူ့ကိုပြောလိုက်မယ်။
– loser ရှုံးသူ
The losers congratulated the winners.
ရှုံးသူတွေက နိုင်သူတွေကို ကောင်းချီးပေးကြတယ်။

## JOB DIALOGUE

Kyaw Tut and Mi Mi meet.
ကျော်ထွတ်နဲ့ မိမိတို့ ဆုံမိကြတယ်။

They go to a cafe.
ကဖီးဆိုင်တစ်ဆိုင် ဝင်ကြတယ်။

Mi Mi : So how are you getting on, KT? Still at the factory?
ဘယ်လိုလဲ ကေတီ စက်ရုံမှာပဲလား။

Kyaw Tut : Yeah.
အေး။

Don't know how long I'll stay there, though?
ဒါပေမဲ့ ဘယ်လောက်အထိ မြဲဦးမယ်မသိဘူး။

Mi Mi : Why? Don't you like it or something?
အလုပ်ကို မကြိုက်လို့လား။ ဒါမှမဟုတ် တစ်ခုခုလား။

Kyaw Tut : Oh, it's all right.
လုပ်ရတာ အဆင်ပြေပါတယ်။

mgyoe.com

mgyoe.com


But it's going to be ages before they let me do the sort thing I want.
ဒါပေမဲ့ ကိုယ်လိုချင်တဲ့အလုပ်ကို သူတို့မပေးသေးဘူး။ အတော်ကြာဦးမယ်။

And besides, the money's not very good.
ပြီးတော့ ပိုက်ဆံသိပ်မရဘူး။

How about you, then?
ဒါနဲ့ နင်ကော။

Mi Mi : Me?
တို့လား။

Oh, I'm really fed up.
တကယ်ပဲ ငြီးငွေ့နေပြီ။

I just do odd jobs for other people all day along.
တစ်နေ့လုံး သူများကြိုက်တာ (ခိုင်းတာ)တွေချည်း လုပ်နေရတယ်။

And there's a girl at the store.
ပြီးတော့ ဆိုင်မှာ ကောင်မလေးတစ်ယောက် ရှိတယ်။

She's always trying to tell me what to do.
အမြဲတမ်း တို့ကို ဆရာလုပ်ချင်နေတာပဲ။

I'd really like to leave.
တကယ်ပဲ ထွက်ပစ်လိုက်ချင်တယ်။

mgyoe.com

 mgyoe.com 

Kyaw Tut : Do you want another office job?
ဒီပြင် ရုံးအလုပ်တစ်ခု လိုချင်လား။

Mi Mi : No especially
ရုံးအလုပ်ရယ်လို့ မဟုတ်ပါဘူး။

I'd really like to have a change to meet people.
လူတွေနဲ့ တွေ့ရ ဆက်ဆံရတာမျိုး လိုချင်တယ်။

Why?
ဘာဖြစ်လို့ (မေးတာ)လဲ။

Kyaw Tut : Well,
ဒီလိုလေ

I think there's a job going in a restaurant.
ကိုယ်ထင်တယ်။ စားသောက်ဆိုင်မှာ အလုပ်တစ်ခုလွတ်နေတယ်။

Shwe Bon Tha Corner, you know
ရွှေဘုံသာထောင့်မှာ နင်သိပါတယ်။

I saw a notice in the front when I was passing the other day.
တစ်နေ့ ငါ ဖြတ်လျှောက်သွားတုန်း ဆိုင်ရှေ့မှာ ကြော်ငြာတွေ့ခဲ့တယ်။

mgyoe.com

WAITRESS WANTED
အမျိုးသမီးစားပွဲထိုး အလိုရှိသည်။
APPLY WITHIN
အတွင်းမှာ ဝင်လျှောက်ပါ။

Like to go?
သွားကြမလား။
She nods and they go.
သူမ ခေါင်းညိတ်ပြီး သူတို့သွားကြတယ်။

Manger meets Mi Mi.
မန်နေဂျာ မိမိကို လက်ခံတွေ့တယ်။

Manager : Why do you want to leave the store then?
ဒါနဲ့ စတိုးဆိုင်က ဘာဖြစ်လို့ ထွက်ချင်တာလဲ။

Mi : Oh, I never meet anybody, shut up in packing section.
ကျွန်မ ဘယ်သူနဲ့မှ မတွေ့ရဘူး၊ ပစ္စည်းဌာနမှာ ပိတ်မိနေတယ်။

Manager : Well.
အင်း . . .

You meet plenty of people here.
ဒီမှာတော့ မင်း လူတွေအများကြီး တွေ့မယ်။

Ever done this sort of work before?
အရင်က ဒီအလုပ်မျိုး လုပ်ဖူးလား။

mgyoe.com

mgyoe.com

Mi : No.
မလုပ်ဖူးပါဘူး။

But I'm sure I could learn.
ဒါပေမဲ့ လေ့လာရင် တတ်သွားမှာပါ။

What would I have to do, exactly.
ကျွန်မ ဘာ(အတိအကျ)လုပ်ရမှာပါလဲ။

Manager : You'd have to be here by six o'clock in the morning on day shifts...up to one o'clock.
ဒီကို မင်း မနက် ၆ နာရီ ရောက်ရမယ်၊ နေ့လယ် ၁ နာရီထိ။

on evening shifts you start at 2 in the afternoon.
ညနေဆိုင်းမှာတော့ နေ့လယ် ၂ နာရီက စရမယ်။

till 10 or sometimes 11.
ည ၁၀ နာရီ၊ တစ်ခါတစ်ခါကျတော့ ၁၁ နာရီ။

You get one day of a week.
တစ်ပတ်တစ်ခါ ရက်အားရမယ်။

But,
ဒါပေမဲ့

girls here work everyday of the week.
ဒီကမိန်းကလေးတွေ နေ့တိုင်းဆင်းတယ်။

of course you get extra wages.
အလုပ်ခ ပိုရတာပေါ့။

mgyoe.com

mgyoe.com

anyway, it's up to you.
မင်းတို့သဘောပါ။

Again,
ပြီးတော့ ရှိသေးတယ်။
You attend tables or wash dishes or help in the kitchen.
စားပွဲထိုးရတယ်၊ ပန်းကန်ဆေးရတယ်၊ မီးဖိုချောင်မှာ ကူရတယ်။

Mi : Thank you, Sir.
ကျေးဇူးတင်ပါတယ်ရှင်။

I'd like to think it over.
ကျွန်မ စဉ်းစားချင်ပါသေးတယ်။

Kyaw Tut and Mi Mi go out and go to a PEPSI.
ကျော်ထွတ်နဲ့မိမိ ထွက်သွားပြီး ပက်(ပ်)စီဆိုင်တစ်ဆိုင် ဝင်ကြတယ်။

Mi : Not my cup of tea.
တို့နဲ့ မကိုက်ပါဘူး။

pretty taugh.
အတော်လေး ပင်ပန်းမယ်။

Kyaw : No job is easy-going, these days.
ခုနေခါ ဘယ်အလုပ်မှ မလွယ်ဘူး။

Mi : I'm prepared to work hard.
အလုပ်ပင်ပန်းခံလုပ်ဖို့ အသင့်ပါ။

mgyoe.com

mgyoe.com

I just want a day or two off.
ရက်အား တစ်ရက်နှစ်ရက်သာ လိုချင်တာပါ။

You know, I'd like to joint the Distant University.
အဝေးသင် တက်ချင်သေးတယ်လေ။

Kyaw : Same with me.
တို့လည်း ဒီလိုပါပဲ။

Education counts in the long run.
ရေရှည်ကျတော့ ပညာရေးလက်မှတ် စကားပြောတယ်။

But, it's no use to be a mere graduate.
ဒါပေမဲ့ ဘွဲ့ရရုံနဲ့ မပြီးသေးဘူး။

I'd like to learn an extra foreign language.
နောက်ထပ် နိုင်ငံခြားဘာသာတစ်ခုခု သင်ချင်သေးတယ်။

Mi : You're right.
နင်မှန်တယ်။

How about attending a computer course?
ကွန်ပျူတာသင်တန်းတက်ဖို့ကော ဘယ်လိုလဲ။

Kyaw : Good idea.
ကောင်းတဲ့စိတ်ကူးပဲ။

I hear some stores and factories have computer section. They train their employees on the job.

mgyoe.com

mgyoe.com

အချို့စတိုးဆိုင်တွေ၊ အလုပ်ရုံတွေမှာ ကွန်ပျူတာဌာန ရှိတယ်လို့ ကြားတယ်။ သူတို့အလုပ်သမားတွေကို သူတို့ကိုယ်တိုင် သင်ကြားလေ့ကျင့်ပေးတယ်လို့ ကြားတယ်။

Mi : Oh, is that so.
အိုး . . . အဲဒါက တကယ်လား။

Lucky if I could get a job in such store or factory.
အဲဒီလို စတိုး၊ ဒါမှမဟုတ် အလုပ်ရုံမှာရရင် သိပ်ကံကောင်းတာပေါ့။

Kyaw : Keep trying, them.
ဒါဆို ဆက်ကြိုးစားပေါ့။

By the way, What's your plans after graduation?
ဒါနဲ့ ဘွဲ့ရပြီးရင် ဘာအစီအစဉ်ရှိလဲ။ (ဘာတွေ စိတ်ကူးထားလဲ)

Mi : Well, that's the topic for another meeting.
အင်း . . . အဲဒါက နောက်တစ်ခါဆုံတော့ ပြောကြမယ်။

Bye, for now.
ခုတော့ နှုတ်ဆက်ကြဦးစို့။

Kyaw : Bye!

■

mgyoe.com

mgyoe.com

# JOB

နေ့စဉ်သုံးတွေ ရှိတယ်

(၁) **Job** နေ့စဉ်လုပ်ကိုင်ရတဲ့ အလုပ်မျိုးကို ခေါ်ပါတယ်။

daily work, employment

She has a job as a bank clerk.
သူ့မှာ ဘဏ်စာရေးအလုပ် ရှိပါတယ်။
သူ ဘဏ်စာရေး လုပ်ပါတယ်။
He has been out of job for a year.
သူ အလုပ်မရှိတော့တာ တစ်နှစ်ကျော်ပြီ။

(၂) လုပ်ငန်းတစ်ခုခု
Mother has several jobs to do before going to be.
အမေ့မှာ အိပ်ရာမဝင်ခင် လုပ်စရာတွေ အများကြီး ရှိတယ်။

mgyoe.com

mgyoe.com

**a good job**

- It's a good job that she can't hear what you're saying.
  မင်းပြောနေတာတွေ သူမကြားရတာက ကောင်းတယ်။

- He has lost his guitar and a good job too.
  သူ့ဂစ်တာ ပျောက်သွားတယ်၊ အလုပ်လည်း ပြုတ်သွားပါတော့တယ်။ (ပြုတ်သွားတာ ကောင်းတယ်)

**Have a Job**

You'll have a job looking for his house.
သူ့အိမ်ရှာရတာ မင်း အတော်ပင်ပန်းလိမ့်မယ်။

**just the Job**

These gloves are just the job for gardening.
ဥယျာဉ်ထဲဆင်းပြီး လုပ်ရတဲ့အလုပ်/ပန်းပင်စိုက်တဲ့ အလုပ်နဲ့ ဒီလက်အိတ်တွေနဲ့ အံကိုက်ပဲ။

**make the best of a bed job**

ခက်တာကို ဖြစ်သလို/ဖြစ်နိုင်သလောက် လုပ်တယ်။
Can't help, we will have to make the best of a bad job.
ဘာတတ်နိုင်မလဲ၊ မဖြစ်ဖြစ်အောင်တော့ လုပ်ကြရမှာပဲ။

■

mgyoe.com

mgyoe.com

## အင်တာဗျူးသွားမယ်

### INTERVIEW

အင်တာဗျူးမှာ မေးမြန်းကြတဲ့ အဖွဲ့ဝင် လူကြီးတချို့ဟာ ဆိုက်ကို သုံးတတ်ကြတယ်။ အလုပ်လျှောက်သူကို စေ့စေ့စပ်စပ် ကြည့်တယ်၊ ပြုံးတုံးပြုံတဲ ကြည့်တယ်၊ ဒါကို မယုတ်မလွန် မတင်းမလျော့ဟန်နဲ့ ပြန်ကြည့်ရမယ်၊ မေးချင်တာတွေ မေးပြီး မကြားရဘူး၊ ကျယ်ကျယ်ပြောပါ၊ ပီပီသသပြောပါ စသည်ဖြင့် စိတ်ချောက်ချားရမတတ် ပြောတတ်တဲ့ လူကြီးတွေ ပါတတ်တယ်။ မတုန်လှုပ်ပါနှင့်။ အင်္ဂလိပ်လို ဖြေရ ပြောရမှာ ဆိုတော့ အသံတည်ငြိမ်ဖို့၊ အထစ်အငေါ့မရှိဖို့ အရေးကြီးပါတယ်၊ လေ့ကျင့်ကြစို့။

(A) Good morning/ Afternoon.
How are you today?

(B) Fine, thank you, sir.

(A) All right. Let's get down to business.
ကောင်းပါပြီ၊ အလုပ်စကြစို့။
You're a graduate from.

mgyoe.com

(B) From the Yangon University, sir.

(A) Good.
What's your major?
ဘာမေဂျာလဲ။

(B) English, sir.

(A) Oh good!
Have you been studying English long?
အင်္ဂလိပ်စာ လေ့လာနေတာ အတော်ကြာပြီလား။

(B) Yes sir, since my school days.

(A) Let's be a little more exact.
နည်းနည်း ပိုပြီးတိကျရအောင်။

For how many years have you been studying English?

(B) About twelve years.

(A) All at school, at the University, or.
အားလုံး ကျောင်းမှာ တက္ကသိုလ်မှာချည်းပဲလား၊ ဒါမှမဟုတ်။

(B) At school, University and now . . . with my relatives and friends.
ကျောင်းမှာရော တက္ကသိုလ်မှာပါ၊ ခုတော့ ဆွေမျိုးသားချင်း အပေါင်းအသင်းများနဲ့ (လေ့ကျင့်ပါတယ်။)

mgyoe.com

mgyoe.com

(A) Good!
Do you . . . eh . . . find it interesting?
ကောင်းတယ်၊ စိတ်ဝင်စားစရာအဖြစ် တွေ့ရရဲ့လား။

(A) Yes sir, English is a very interesting language.

(A) And...now...experience. Have you any experience in an office, I mean, any administrative experience.
ကဲ . . . အခု အတွေ့အကြုံ၊ ရုံးအတွေ့အကြုံရှိလား၊ အုပ်ချုပ်မှုပိုင်း အတွေ့အကြုံ။

(B) Yes, sir, I've worked at the Admin. Dept: of a bank.
ဟုတ်ကဲ့ . . . ခင်ဗျာ၊ ကျွန်တော် ဘဏ်တစ်ခုရဲ့ အုပ်ချုပ်ရေးဌာနမှာ အမှုထမ်းခဲ့ဖူးပါတယ်။

(A) Here you will find your duties pretty tough.
ဒီမှာ မောင်ရင့်တာဝန်တွေ နည်းနည်းပင်ပန်းလိမ့်မယ်။

(B) I am prepared for any official duty. sir.

(A) Good mind you, you can't expect an easy time here.
ကောင်းတယ်၊ သတိပေးရဦးမယ်၊ ဒီမှာတော့ ဖိမ်ကျကျ အချိန်ကို လွယ်လွယ်လေးကုန်မယ်လို့ မျှော်လင့်လို့ မရဘူးနော်။

(B) I understand. I'm young and very healthy.
ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်က ငယ်ရွယ်ပြီး ကျန်းမာရေးအတော်ကောင်းပါတယ်။

(A) Oh, by the way, can you tell me a little about your ambition, please.

mgyoe.com

အို . . . မောင်ရင့်ရည်မှန်းချက်နဲ့ပတ်သက်ပြီး နည်းနည်းလောက် ပြောပြနိုင်မလား။

(B) Yes sir. I'm planning to study for a diploma in management and to study one more foreign language.
ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် စီမံခန့်ခွဲရေး ဒီပလိုမာရယ်၊ နောက်ထပ် နိုင်ငံခြားဘာသာတစ်ခုကို ထပ်ပြီးသင်ဖို့အတွက် အစီအစဉ်လုပ်နေပါတယ်။

(A) Good! How soon can you join us, that is, if you are selected.
ကောင်းတယ်၊ မောင်ရင် အရွေးခံရရင် ဘယ်လောက် စောစော အလုပ်ဝင်နိုင်မလဲ။

(B) I'll do my best to make it as early as I can. Perhaps, within two or utmost, three weeks.
မြန်နိုင်သမျှမြန်အောင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပါ့မယ်။ နှစ်ပတ် အများဆုံး သုံးပတ်အတွင်း ဖြစ်ပါလိမ့်မယ်။

(A) All right.
ကောင်းပါပြီ။

I wish you the best luck.
ကံကောင်းပါစေလို့ ဆန္ဒပြုပါတယ်။

(A) Thank you, sir.

■

mgyoe.com

mgyoe.com

## BUSY ?

(၁) အလုပ်များနေတယ်လား။
တစ်လုံးတည်းနဲ့ အဓိပ္ပာယ်ရှိပါတယ်။
Are you busy လို့ ဝါကျပြည့်မေးတာနဲ့ အဓိပ္ပာယ်အတူတူပါပဲ။

(၂) ယာဉ်အသွားအလာများသော
The roads are busy = The roads are full of traffic.

(၃) မတ်လဟာ ဘဏ်တွေအတွက် အလုပ်များတဲ့အချိန်ပဲ။
March is the busy time of the year for banks.

(၄) (တယ်လီဖုန်း) လိုင်းမအားပါ။
The line is busy.

စင်ကာပူကိုခေါ်တဲ့ လိုင်းအားလုံး မအားပါ။
All the lines to Singapore are busy.

mgyoe.com

**Verb**

She busied herself preparing the meal. (စာ)
သူ စားဖို့သောက်ဖို့ ပြင်ဆင်နေတဲ့အလုပ် ရှုပ်နေတယ်။
– She is busy preparing the meal. (စကား)

**Business**

(၁) occupation အလုပ်အကိုင်။
(၂) အရောင်းအဝယ် selling and buying
Selling Mokhinga is her business.
သူ့အလုပ်က မုန့်ဟင်းခါးရောင်းတယ်။
သူ မုန့်ဟင်းခါး ရောင်းပါတယ်။

She does more business in the morning than in the day time.
နေ့လယ်ထက် နံနက်မှာ ပိုပြီး ရောင်းရတယ်။

(a) He aims his own business.
သူ့လုပ်ငန်း သူပိုင်တယ်။
ပထမ own - (verb)
ဒုတိယ own - (adj)

(b) That's your own business.
အဲဒါကတော့၊ခင်ဗျားကိစ္စပဲလေ။
– That's your concern.

(c) Make it your business to help him.
သူ့ကို ထိထိရောက်ရောက် ကူညီပါ။
သူလုပ်ချင်တာ လုပ်ကိုင်ပေးပါ။

mgyoe.com